မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု
Forum for Democracy in Burma

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သို့ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုမှ အကြံပြုချက်

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်တကွ**
**ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊**
**ဗဟိုဦးစီးအဖွဲ့ဝင်များနှင့် အဖွဲ့ဝင်များခင်ဗျား**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် မြန်မာနိုင်ငံဒီမိုကရေစီတိုက်ပွဲ၏ဦးဆောင်ပါတီဖြစ်သည့်အပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များနှင့် သက်ဆိုင်သည့် ပါတီအဖွဲ့အစည်းအဖြစ်သက်သက်သာမက ဒီမိုကရေစီအင်အားစုများနှင့် ပြည်သူတရပ်လုံးက ထောက်ခံဝန်းရံထားသည့် ပါတီအဖြစ်ပါ ပြည်တွင်း၊ ပြည်ပ အင်အားစုအားလုံးက ယနေ့အချိန်အထိ လက်ခံထားကြပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သည် ဒီမိုကရေစီရေးတိုက်ပွဲတပ်ဦး၏ အလံကိုင်ပါတီဖြစ်ပါသည်။

၁၉၉၀ ခုနှစ် ရွေးကောက်ပွဲတွင် ပြည်သူလူထုတစ်ရပ်လုံးကဆန္ဒမဲပေးရွေးချယ်ထားသည့်ပါတီဖြစ်ပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏အရေးသည် မြန်မာပြည်သူတို့၏အရေး၊ မြန်မာပြည်သူတို့၏ အနာဂတ်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အနာဂတ်ပင်ဖြစ်ပါသည်။

ထို့ကြောင့် စစ်အစိုးရ၏ **အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့်တကွ မြန်မာ့ဒီမိုကရေစီအင်အားစုများအား အပြီးသတ်ချေမှုန်းရန် စီမံထုတ်ပြန်ထားသည့်ရွေးကောက်ပွဲဥပဒေများကြောင့်** ယခုကဲ့သို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရင်ဆိုင်နေရသောအခက်အခဲအကြပ်အတည်းများကို တတ်နိုင်သလောက် တဖက်တလမ်းမှ ဝိုင်းဝန်းကူညီနိုင်ရန်  မိမိတို့ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုမှ အောက်ပါဆွေးနွေးချက်များဖြင့် တာဝန်ရှိရှိ ဆွေးနွေး အကြံပြုအပ်ပါသည်။

၁။ နအဖ စစ်အစိုးရမှ ၂၀၁၀ ခုနှစ်၊ မတ်လ (၈)ရက်နေ့ နေ့စွဲဖြင့် ထုတ်ပြန်လိုက်သော ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ (၅)ခုလုံးကို မိမိတို့ လေ့လာကြည့်သောအခါ စစ်အာဏာရှင်စနစ်တည်မြဲရေးနှင့် မြန်မာ့နိုင်ငံရေးတွင် စစ်အုပ်စုမှ ဆက်လက် ဗိုလ်ကျလွှမ်းမိုးချုပ်ကိုင်ထားနိုင်ရန်အတွက် အဆိုပါ ဥပဒေများ ထဲတွင် အတိအကျပြဌာန်းထားပြီးဖြစ်ပါသည်။

(က) ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီး၏ မပြီးဆုံးသေးသော ဒီမိုကရေစီတိုက်ပွဲ တာဝန်များကို ဆက်လက်ထမ်းဆောင်နေကြသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင်နိုင်ငံရေးပါတီအဖွဲ့အစည်းများအားလုံးနှင့် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို လုံးဝ ရှင်းလင်း ဖျက် သိမ်းပစ်ရန်ရည်ရွယ်ပါသည်။

(ခ) ဤရွေးကောက်ပွဲဥပဒေများနှင့်အညီ ပြန်လည်မှတ်ပုံတင်ပြီး အဖွဲ့ချုပ်ဆက်လက်တည်ရှိရေး တစ်ခုတည်းကိုသာ  စဉ်းစားပြန်လျှင်လည်း ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အကျဉ်းကျခံနေကြရသည့် ရဟန်းရှင်လူ၊ ကျောင်းသား ပြည်သူတို့၏ ခေါင်းဆောင်များကို နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ အခန်း (၂)၊ ပုဒ်မ၄၊ ပုဒ်မခွဲ (င)အရ ထုတ်ပစ်ခိုင်းပြီး၊ မူလ ရှိနေခဲ့သည့် ပြည်သူလူထုနှင့် ဒီမိုကရေစီကို ကိုယ်စားပြုထားသော ပါတီအဖွဲ့အစည်း၏ အနှစ်သာရနှင့် ဒီမိုကရေစီလက္ခဏာများကို ဖျောက်ဖျက်ကာ စစ်အာဏာရှင် စနစ်၏ အမိန့်ကို နာခံသည့် ဂုဏ်သိက္ခာမဲ့သော ပါတီအဖြစ်သို့ ပြောင်းလဲပစ်ရန် ရည်ရွယ်ပါသည်။

(ဂ) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ အခန်း (၂)၊ ပုဒ်မ၆၊ ပုဒ်မခွဲ(ဂ)အရ တည်ရှိလာမည့် ပါတီအဖွဲ့ အစည်းအားလုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ကို ထိန်းသိမ်းစောင့်ရှောက်ပါမည်ဟု လက်မှတ်ထိုးခိုင်း ခြင်းဖြင့် အနာဂတ်မြန်မာ့နိုင်ငံရေးတွင် စစ်အာဏာရှင်စနစ် ရေရှည်တည်တံ့ခိုင်မြဲရေးကိုသာ အထောက်အပံ့ ဖြစ်စေမည့် ပါတီအဖွဲ့အစည်းများသာပါဝင်သော စစ်အုပ်စုကြီးစိုးရေး အမည်ခံပါတီစုံစနစ်ကို ကျင့်သုံးသွား ရန်အတွက် ရည်ရွယ်ပါသည်။

အချုပ်ပြောရလျှင် နအဖစစ်အစိုးရ၏ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)၊ ယခုထုတ်ပြန်လိုက်သည့် ရွေးကောက်ပွဲ ဆိုင်ရာဥပဒေများ နှင့်၂၀၁၀ရွေးကောက်ပွဲဆိုသည်မှာ အတိုက်အခံအင်အားစုများကို ရှင်းထုတ်ပြီး သို့မဟုတ် သိက္ခာချ အသွင်ပြောင်းပစ်ပြီး စစ်အာဏာရှင်စနစ်ကို အနှောင့်အယှက်ကင်းကင်းနှင့် စိတ်ချလက်ချရေရှည်သွားနိုင်ရန် ရည်ရွယ် ရင်းပင်ဖြစ်ပါသည်။

၂။ ယခု ရွေးကောက်ပွဲဥပဒေများ ထုတ်ပြန်ခြင်းနှင့် တဆက်တစပ်တည်း မြန်မာနိုင်ငံ၏ လတ်တလောဖြစ်ပေါ်နေသော အခြေအနေများကို ကြည့်လျှင်လည်း အပစ်အခတ်ရပ်စဲထားကြသည့် လက်နက်ကိုင်တော်လှန်ရေး အင်အားစုများကို နယ်ခြားစောင့်တပ်အဖြစ်ဖွဲ့စည်းရေး ဖိအားပေးဆောင်ရွက်နေမှုများသည် ဒီမိုကရေစီတိုက်ပွဲဝင် လက်နက်ကိုင်အဖွဲ့ အစည်းများကို စစ်အာဏာရှင်စနစ်၏ အမိန့်အာဏာကို နာခံသည့်တပ်များအဖြစ် အသွင်ပြောင်းပစ်ရန်ဖြစ်ပါသည်။

၃။ ထိုအခြေအနေများကြောင့် တိုင်းရင်းသားအပစ်ရပ်အဖွဲ့အစည်းများကို နယ်ခြားစောင့်တပ်အဖြစ်အသွင်ပြောင်းရေး ၊ ပြည်တွင်းပြည်ပအတိုက်အခံအင်အားစုများအား ရှင်းလင်းရေးနှင့်ရွေးကောက်ပွဲဥပဒေဖြင့် ဥပဒေတွင်းတွင် ဒီမိုကရေစီ ပါတီအဖွဲ့အစည်းများအားသိက္ခာမဲ့သွားပြီးလူထုထောက်ခံမှုကင်းမဲ့သွားအောင်အသွင်ပြောင်းပစ်ရေးတို့သည် အနာဂတ် နိုင်ငံရေးတွင် စစ်အုပ်စုကထာစဉ်ကြီးစိုးချုပ်ကိုင်ထားရန် အခိုင်အမာအုတ်မြစ်ချနေခြင်းဖြစ်ကြောင်းထင်ရှားပေါ်လွင်နေ ပါသည်။

နအဖ စစ်အစိုးရမှ မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားမှုကို ကြိုတင်အကွက်ချပြီး ထိုသို့သောရည်ရွယ်ချက်များဖြင့် ဆောင်ရွက်နေသည့်အချိန်တွင် **နအဖစစ်အစိုးရ၏ရွေးကောက်ပွဲဥပဒေများကို လိုက်နာပြီးပါတီမှတ်ပုံတင်ရေးကို စဉ်းစား ဆောင်ရွက်မည်ဆိုလျှင်** အောက်ပါအကျိုးဆက်များဖြစ်ပေါ်လာမည်ဟုမိမိတို့မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုမှ သုံး သပ်မိပါသည်။

(၁) ၁၉၉၀ ခုနှစ်ရွေးကောက်ပွဲရလဒ်နှင့် ရှစ်လေးလုံးဒီမိုကရေအရေးတော်ပုံကြီး၏အောင်သီးအောင်ပွင့်များကိုပစ်ပယ် စွန့်လွှတ်ရာရောက်သွားပါမည်။

(၂) ပြည်တွင်း ပြည်ပအင်အားစုများမှ ထောက်ခံထားသည့် ယနေ့ဒီမိုကရေစီရေးတိုက်ပွဲ၏ အလုပ်လမ်းညွှန်ဖြစ်သော "ရွှေဂုံတိုင်ကြေငြာစာတမ်း" ကို ထုတ်ပြန်ခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်တိုင်က စတင်ပြီးလုံးဝစွန့်လွှတ် ပစ်ပယ်လိုက်ရာ ရောက်သွားပါမည်။

(၃) မိမိပါတီတွင်းကိစ္စများကိုပါ ဝင်ရောက်စွက်ဖက်ပြီး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ကို လက်မှတ်ထိုးခိုင်းခြင်းကို လက်ခံလိုက်သည့်အတွက် ပြည်သူများ၏အကျိုးကို ရှေ့ရှုအကာအကွယ်ပေးသည့် နိုင်ငံရေးပါတီတစ်ရပ်အဖြစ်မှ စစ်အုပ်စု အမိန့်နာခံနေရသည့်ပါတီတစ်ရပ်အဖြစ်သို့ ပြောင်းလဲကျဆင်းသွားပါမည်။

(၄) ထို့အပြင် စစ်အစိုးရမှ ထုတ်ပြန်သမျှအမိန့်များကို ပါတီတရားဝင်တည်ရှိရေးတစ်ခုတည်းကိုသာ ငဲ့ကွက်ပြီး လိုက် နာခဲ့လျှင် နောက်နောင်တွင် စစ်အစိုးရက စိတ်ကြိုက် ချယ်လှယ်ချုပ်ကိုင်ခြင်းကို ခံရတော့မည်ဖြစ်ပါသည်။

(၅) ထိုသို့သောအခြေအနေများကြောင့် ရွေးကောက်ပွဲဆိုင်ရာဥပဒေများဖြင့် မှတ်ပုံတင်ပြီး ဆက်လက်ရပ်တည်သော ပါတီသည် ယခုကဲ့သို့ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်၊ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို ဆုပ်ကိုင်၊ ရွှေဂုံတိုင်

ကြေညာစာတမ်းကို အကောင်အထည်ဖော်နေသည့် ပြည်သူလူထုက အားကိုးအားထားပြုသည့် လူထုကိုယ်စားပြု ပါတီအဖြစ်မှ ကိုယ်စားမပြုတော့သည့်ပါတီအဖြစ်သို့ ရောက်ရှိသွားပါမည်။

ထိုသို့အခြေအနေများကို ခြုံငုံသုံးသပ်ပြီး မိမိတို့ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုအနေဖြင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်သို့ အောက်ပါအချက်များကို ဆုံးဖြတ်ဆောင်ရွက်သွားနိုင်ရန် အလေးအနက် အကြံပြုအပ်ပါသည်။

**(၁) အဖွဲ့ချုပ်အတွင်း ညီညွတ်ရေးကို ခိုင်မာစွာတည်ဆောက်သွားရန်။**

**(၂) အဖွဲ့ချုပ်နှင့် အခြားမဟာမိတ်အင်အားစုများအကြား ညီညွတ်ရေးကို အကျယ်အပြန့် တည်ဆောက်သွားရန်။**

**(၃) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် မူလချမှတ်ထားသော ရွှေဂုံတိုင်ကြေညာစာတမ်းနှင့် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ဦးဆောင်မှုအပေါ် အခိုင်အမာသစ္စာရှိစွာ ရပ်တည်သွားရန်။**

**(၄) ညီညွတ်ရေးအားကိုအခြေခံ၍ လူထုအကြားတွင် လူထုတရပ်လုံးလိုက်ပါနိုင်သည့်နည်းနာများဖြင့် လူထုလုပ်ငန်းစဉ် များကို ချမှတ်ဆောင်ရွက်သွားရန်။**

**(၅) နအဖစစ်အစိုးရ၏ ရွေးကောက်ပွဲဆိုင်ရာ မတရားသည့် ဥပဒေများကို လူထုနည်းဖြင့် ဆန့်ကျင်တုန့်ပြန်သွားရန်။**

**(၆) ဖြစ်ပေါ်လာနိုင်မည့် အခြေအနေသစ်များနှင့်အညီ အဖွဲ့ချုပ်လုပ်ငန်းစဉ်များကို နည်းပရိယာယ် ကြွယ်ဝစွာဖြင့် ပြည်သူ လူထုကို မျက်နှာမူပြီး ဆောင်ရွက်သွားရန်။**

**(၇) နအဖစစ်အစိုးရမှ ဖျက်သိမ်းပစ်ရန် မည်သို့ပင် ကြိုးပမ်းအားထုတ်လာစေကာမူ ပြည်သူ့ပါတီပီသစွာ ပြည်သူလူထု၏ ထောက်ခံအကာအကွယ်ပေးမှုဖြင့် ပြည်သူလူထုကြားတွင် ကြံ့ကြံ့ခိုင်ခိုင် ဆက်လက်ရပ်တည်သွားရန်။**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ပြည်သူ့အကျိုးကို ဆက်လက်သယ်ပိုးထမ်းရွက်နိုင်မည့် မှန်ကန်သည့် ဆုံးဖြတ်ချက်များကို ချမှတ်ဆောင်ရွက်နိုင်ပါစေကြောင်း ဆန္ဒပြုလျက်

ချစ်ကြည်လေးစားစွာဖြင့်

**မူဝါဒရေးရာဦးဆောင်အဖွဲ့**
**မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု**

**၂၀၁၀ ခုနှစ်၊ မတ်လ (၂၁) ရက်။**